# မကြာခဏမေးသောမေးခွန်းများ - At-School Learning

အောက်ပါမေးခွန်းများနှင့်အဖြေများသည် မိဘ/အုပ်ထိန်းသူများအား ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် JPS' At-School ရွေးချယ်မှုအကြောင်းကို ပိုမိုသိရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အမြဲတမ်းလိုလို ဤအချက်အလက်များသည် အချိန်မရွေးပြောင်းလဲနိုင်ပါသည်။ ဖြေကြားရန်မေးခွန်းများစွာရှိသေးသောကြောင့် ကျေးဇူးပြု၍ ဤ pageကို နောက်ဆုံးအချက်အလက်များသိရှိရန် ပုံမှန်စောင့်ကြည့်ပေးပါ။

## ဘယ်နေ့ကျောင်းပြန်ဖွင့်မလဲ?

ဩဂုတ်လ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကျောင်းပြန်ဖွင့်ပါမည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်ပြက္ခဒိန်ကိုကြည့်ရန် ဤနေရာကိုနှိပ်ပါ။

## "Distance learning" နှင့် "virtual option" နှစ်ခုအကြားခြားနားချက်က ဘာလဲ?

အကြောင်းတစ်ခုခုကြောင့် ကျောင်းပိတ်ရမည်ဆိုပါက လူကိုယ်တိုင်ကျောင်းတက်နေသော ကျောင်းသား/သူများသည် အဝေးသင်ပညာသင်ယူခြင်း (distance learning) သို့ ပြောင်းလဲရပါမည်။ Distance learning အတန်းများကို လူကိုယ်တိုင်တက်ရောက်ရသော ကျောင်းခန်းမှ JPS ဆရာ/မကသာ JPS သင်ရိုးညွှန်းတမ်းအတိုင်း ဆက်လက်သင်ကြားသွားမှာ ဖြစ်ပါသည်။

Trojan Connect Program ဟုသိထားသော virtual option တွင် ကျောင်းပိတ်/မပိတ်သည်ဖြစ်စေ ကျောင်းသား/သူများသည် ကျောင်းစဖွင့်သည့်အချိန်မစ၍ ကျောင်းတစ် နှစ်ပတ်လုံး အွန်လိုင်းမှ ကျောင်းတက်ရပါမည်။ Trojan Connect Program တွင် သင်ရိုးညွှန်းတမ်းကို Calvert (K-6) သို့မဟုတ် Edgenuity (7-12) မှထုတ်လုပ်ထားပါသည်။ JPS ကျောင်းဆရာ/မက ကျောင်းသား/သူများ၏ တိုးတက်မှုကို စောင့်ကြည့်သွားမှာဖြစ်ပြီး အီးမေးလ်ဖြင့် ဆရာ/မများကို ဆက်သွယ်လို့ရမည် ဖြစ်ပါသည်။ သို့သော် ဆရာ/မများက အတန်းကိုဦးဆောင်သွားမှာမဟုတ်သလို ကျောင်းသား/သူများ ပြီးမြောက်ရမည့်ကျောင်းစာများကို အသိပေးသွားမည်မဟုတ်ပါ။ ကျောင်းသား/သူများသည် Calvert သို့မဟုတ် Edgenuity မှတဆင့် ကျောင်းစာများကို သင်ယူပြီးမြောက်ရမှာ ဖြစ်ပါသည်။ Trojan Connect Program နှင့်ပက်သက်သည့် မကြာခဏမေးသောမေးခွန်းများကိုကြည့်ရန် ဤနေရာကိုနှိပ်ပါ။

## အကယ်၍ ကျောင်းသား/သူတစ်ဦး သို့မဟုတ် ကျောင်းဝန်ထမ်းတစ်ဦးသည် COVID-19 စစ်ဆေးမှုတွင် positive ဖြစ်ပါက ဘယ်အချိန်တွင် ကျောင်းပြန်တက်လို့ရပါမလဲ?

ဖျားနာနေသော ကျောင်းသား/သူများနှင့် ကျောင်းဝန်ထမ်းများသည် CDC စံနှုန်းအရ အိမ်တွင်သီးခြားနေထိုင်ရန် မလိုအပ်တော့သည်အထိ ကျောင်းပြန်မတက်သင့်ပါ။ CDC ဝက်ဘ်ဆိုဒ်မှ အထောက်အကူအပြုသော လမ်းညွှန်ချက်များကို အောက်တွင်ဖော်ပြထားပါသည်။

ကျွန်တော့်/မမှာ COVID-19 ရှိတယ်လို့ထင်/သိတယ်။ ပြီးတော့ ကျွန်တော့်/မမှာ ရောဂါလက္ခဏာတွေရှိတယ်။ အောက်ပါအချက်အလက်များနှင့်ကိုက်ညီပါက ကျောင်းပြန်တက်နိုင်ပါသည်။

- ရောဂါလက္ခဏာများစတင်ပေါ်ပေါက်ပြီးနောက် အနည်းဆုံး ၁၀ ရက်ပြည့်ပါက
- အနည်းဆုံး ၂၄နာရီ အဖျားလျော့စေသည့်ဆေးသောက်စရာမလိုဘဲ အဖျားမရှိပါက
- ရောဂါလက္ခဏာများတိုးတက်လာပါက

COVID-19 စစ်ဆေးရာတွင် positive ဖြစ်ပေမယ့် ကျွန်တော့်/မမှာ ရောဂါလက္ခဏာမရှိပါ။ အကယ်၍ သင်၌ ရောဂါလက္ခဏာမပြပါက COVID-19 ရှိ/မရှိစစ်ဆေးပြီး ၁၀ ရက်အကြာတွင် ကျောင်းပြန်တက်နိုင်ပါသည်။

*Source: CDC website-When you can be around others after you had or likely had COVID-19*

**အကယ်၍ ကလေးတစ်ဦးသည် COVID-19 positive ဖြစ်သော တစ်စုံတစ်ယောက်နှင့် တိုက်ရိုက် သို့မဟုတ် အနီးကပ်ထိတွေ့မှုရှိပါက ၎င်းတို့၏မိဘများအား အကြောင်းကြားပါမလား?**

ဟုတ်ကဲ့၊ မိဘများအား အကြောင်းကြားပါမည်။ JPS ကျောင်းက လျှို့ဝှက်ထားရမည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၏ သတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်သော်ငြားလည်း မိဘများအား အချက်အလက်များကို တတ်နိုင်သလောက် အကြောင်းကြားသွားပါမည်။

**အကယ်၍ သင့်ကလေး၏ကျောင်းတွင် ကျောင်းသား/သူတစ်ဦးဦးက COVID-19 စစ်ဆေးခြင်းတွင် positive ဖြစ်ပါက မိဘများအားအသိပေးပါမလား?**

အသိပေးမည်မဟုတ်ပါ။ သင့်ကလေးက positive ဖြစ်သောတစ်စုံတစ်ဦးနှင့် အနီးကပ်ထိတွေ့မှုရှိမှသာ မိဘများအား အကြောင်းကြားမှာဖြစ်ပါသည်။ မတော်တဆ သို့မဟုတ် ဆင့်ပွားထိတွေ့မှုရှိပါက quarantine(ရောဂါမကူးစက်စေရန် သီးသန့်ခွဲနေနိုင်ခြင်း) သို့မဟုတ် အခြားသောလုပ်ဆောင်ချက်များကို ပြုလုပ်ရန်မလိုအပ်ပါ။ "အနီးကပ်ထိတွေ့မှု" ကို CDC မှ positive ဖြစ်သောပုဂ္ဂိုလ်တစ်ဦးနှင့် ခြောက်ပေသို့မဟုတ် ခြောက်ပေအောက်အကွာအဝေးတွင် ၁၅ မိနစ်ထက်ပို၍ အတူရှိခြင်းဟူ၍ သတ်မှတ်ပါသည်။

**အကယ်၍ သင့်ကလေး သို့မဟုတ် သင့်မိသားစုထဲမှ တစ်စုံတစ်ယောက်က COVID-19 စစ်ဆေးခြင်းတွင် positive ဖြစ်ပါက မိဘများက ကျောင်းကို အကြောင်းကြားရပါမလား?**

အကြောင်းကြားရပါမည်။ မိဘများအား ကျောင်းကိုအသိပေးရန် တောင်းဆိုထားပြီး CDC ၏စံနှုန်းအရ အိမ်တွင် သီးခြားနေရန်မလိုအပ်တော့သည်အထိ သင့်ကလေးကို ကျောင်းပြန်မတက်ခိုင်းသင့်ပါ။

**ယခုနှစ်တွင် collaboration နေ့များ ဘယ်လိုကွဲပြားမလဲ?**

၂၀၂၀-၂၁ ပညာသင်နှစ်အတွက် ကျောင်း collaboration ရက်များသည် JPS ကျောင်းသား/သူများအားလုံးအတွက် Distance Learning (အဝေးသင်စာသင်ယူခြင်း) နေ့များဖြစ်ပါလိမ့်မည်။ ကျောင်းအားလုံးတွင် ကျောင်းတက်ချိန်နောက်ကျမည့်အစား ကျောင်းသား/သူများသည် ထိုရက်စွဲများတွင် distance learning (အဝေးသင်စာသင်ယူခြင်း) တွင်ပါဝင်ရန် အိမ်၌နေရပါလိမ့်မည်။ ဆရာ/မများက ကျောင်းသား/သူများ၏ assignments များကို Canvas သို့မဟုတ် အခြား digital platforms များမှတဆင့် အသိပေးသွားပါမည်။ ထိုရက်စွဲများတွင် Trojan Connect Program (virtual option) တွင်စာရင်းသွင်းထားသည့် ကျောင်းသား/သူများသည် ပုံမှန်အတိုင်း ကျောင်းစာများကို ဆက်လုပ်သွားရမှာဖြစ်ပြီး At-School option သို့မဟုတ် Blended Learning option တွင်စာရင်းသွင်းထားသော ကျောင်းသား/သူများသည် distance learning (အဝေးသင်စာသင်ယူခြင်း) တွင် ပါဝင်ရပါမည်။

JPS ကျောင်းဝန်ထမ်းများသည် အောက်ပါရက်စွဲများတွင် collaborate (ပူးပေါင်းပါဝင်နေဦးမည်) ဖြစ်သော်ငြားလည်း ကျောင်းသား/သူများသည် ဤနေ့များတွင် ကျောင်းသို့လူကိုယ်တိုင် တက်ရောက်မည်မဟုတ်ပါ။

Distance Learning/Staff Collaboration နေ့စွဲများ -
သောကြာနေ့၊ စက်တင်ဘာလ ၂၅ ရက်
သောကြာနေ့၊ အောက်တိုဘာလ ၃၀ ရက်
သောကြာနေ့၊ ဒီဇင်ဘာလ ၄ ရက်
သောကြာနေ့၊ ဇန်နဝါရီလ ၂၉ ရက်

သောကြာနေ့၊ ဖေဖော်ဝါရီလ ၂၆ ရက်
သောကြာနေ့၊ မတ်လ ၂၆ ရက်

## ၃-၁၂ တန်းကျောင်းသား/သူများနှင့် ကျောင်းဝန်ထမ်းများအတွက် မျက်နှာဖုံးလိုအပ်ချက်ကို ဘယ်လိုကျင့်သုံးမလဲ?

ပညာရေးဘုတ်အဖွဲ့မှ ကျောင်းသား/သူများ၊ ကျောင်းဝန်ထမ်းများနှင့် ဧည့်သည်များအတွက် မျက်နှာဖုံးဝတ်ခြင်းဆိုင်ရာ မူဝါဒကိုချမှတ်ပါလိမ့်မည်။

## ကျောင်းသား/သူများသည် ကျောင်းရောက်သောအခါ ကိုယ်အပူချိန်တိုင်းရန် လိုအပ်ပါမလား?

မလိုအပ်ပါ။ ကျောင်းဝန်ထမ်းများအနေဖြင့် ကျောင်းသား/သူများကို နေ့စဉ်ကိုယ်အပူချိန်စစ်ဆေးရန် မဖြစ်နိုင်ပါ။ မိဘများက ကျောင်းသား/သူများကို အိမ်တွင် အပူချိန်စစ်ဆေးပေးခြင်းနှင့် ရောဂါလက္ခဏာရှိ/မရှိ စစ်ဆေးခြင်းသည် ပို၍လက်တွေ့ကျပါသည်။ အကယ်၍ သင့်ကလေးသည် အဖျားရှိပါက သို့မဟုတ် ရောဂါလက္ခဏာပြခြင်းများရှိပါက ကျောင်းတက်ခွင့်မပြုသင့်ပါ။

## အကယ်၍ မူကြိုကျောင်းသား/သူများ၏ မိဘများက သူတို့၏ကလေးများကို fall တွင် ကျောင်းသို့မပို့ရန်ရွေးချယ်ပါက spring တွင် သူတို့၏နေရာကို ဆုံးရှုံးပါမလား သို့မဟုတ် fall တွင်အိမ်မှာနေပြီး spring တွင် ကျောင်းပြန်လာတက်လို့ရပါမလား?

မိဘများက spring semester အတွက် waiting list တွင်ထားပေးရန် JPS Enrollment Center ကို ဆက်သွယ်ရပါမည်။ နေရာလွတ်ရှိမရှိကိုတော့ အာမမခံနိုင်ပါ။

## Fall semester အတွင်း field trips များရှိပါမလား?

နောက်ထပ်အကြောင်းကြားမှု မရှိမခြင်း field trips များကို စီစဉ်ထားမည်မဟုတ်ပါ။ ဖြစ်နိုင်လျှင် ဆရာ/မများက ကျောင်းသား/သူများအတွက် virtual option ကိုရွေးချယ်ရန် တိုက်တွန်းပါလိမ့်မည်။ ကူးစက်ရောဂါ၏ သဘောသဘာဝအပေါ်မူတည်၍ ဤလမ်းညွှန်ချက်များသည် ပြောင်းလဲသွားမှာဖြစ်ပါသည်။

## ကျောင်းသား/သူများအတွက် မုန့်စားဆင်းချိန်ရှိပါမလား?

ရှိပါမည်။ မုန့်စားဆင်းချိန်ကို ဘယ်လိုပုံစံမျိုးနှင့် ဘယ်လိုကန့်သတ်ချက်များထားရန်လိုအပ်ကြောင်းကို ကျောင်းအသီးသီးမှ ဆုံးဖြတ်သွားပါလိမ့်မည်။

## အကယ်၍ ကျောင်းသား/သူတစ်ဦးသည် positive ဖြစ်ပါက သူ၏အနီးအနားက ကျောင်းသား/သူများသာ quarantine ရန်လိုအပ်ပါသလား သို့မဟုတ် အခန်းထဲရှိ ကျောင်းသား/သူတိုင်း quarantine ရန်လိုအပ်ပါသလား?

Positive ဖြစ်ကြောင်း အတည်ပြုပြီးသည်နှင့်တပြိုင်နက် JPS ကျောင်းက positive ဖြစ်သော ကျောင်းသား/သူနှင့် မည်သည့်ကျောင်းသား/သူများ အနီးကပ်ထိတွေ့မှုရှိခဲ့သလဲဆိုတာကို ဖြစ်နိုင်သမျှ အမြန်ဆုံးစုံစမ်းပြီး contact tracing (ထိတွေ့မှုဇစ်မြစ်ကိုရှာခြင်း) ကို စေ့စေ့စပ်စပ်လုပ်ဆောင်သွားမှာဖြစ်ပါသည်။ အလယ်တန်းအဆင့်တွင် ထိုင်ခုံဇယားများက မည်သည့်ကျောင်းသား/သူများနှင့်အနီးတကပ်ထိတွေ့မှုရှိသလဲဆိုတာကို စုံစမ်းရာတွင် JPS ကျောင်းအတွက် အထောက်အကူပြုနိုင်ပါလိမ့်မည်။ အလယ်တန်းအဆင့် စာသင်ခန်းများတွင် ထိုင်ခုံဇယားများ လိုအပ်မှာဖြစ်ပြီး ထိုဇယားက contact tracing (ထိတွေ့မှုဇစ်မြစ်ကိုရှာခြင်း) ကိစ္စတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သွားမှာဖြစ်ပါသည်။

"အနီးကပ်ထိတွေ့မှု" ကို CDC မှ positive ဖြစ်သောပုဂ္ဂိုလ်တစ်ဦးနှင့် ခြောက်ပေသို့မဟုတ် ခြောက်ပေအောက်အကွာအဝေးတွင် ၁၅ မိနစ်ထက်ပို၍ အတူရှိခြင်းဟူ၍ သတ်မှတ်ပါသည်။

**အကယ်၍ ဆရာ/မတစ်ဦး positive ဖြစ်ပါက ဘာဖြစ်မလဲ? အတန်းတစ်ခုလုံး အိမ်မှာ ၁၄ ရက်နေဖို့ လိုအပ်ပါသလား? ထိုကျောင်းသား/သူများ distance learning (အဝေးသင်ပညာသင်ယူခြင်း) သို့ ချက်ခြင်းပြောင်းရပါမလား?**

ထိုဆရာ/မနှင့် အနီးကပ်ထိတွေ့မှုရှိခဲ့သည်ဟု စုံစမ်းသိရှိရသော ကျောင်းသား/သူများသည် quarantine ရန်လိုအပ်ပြီး distance learning (အဝေးသင်ပညာသင်ယူခြင်း) သို့ပြောင်းရပါလိမ့်မည်။ အထက်ပါဖော်ပြထားသည့်အတိုင်း JPS ကျောင်းက မည်သည့်ပုဂ္ဂိုလ်များနှင့် အနီးတကပ်ထိတွေ့မှု ရှိခဲ့သလဲဆိုတာကို စုံစမ်းရန် contact tracing ကိုစေ့စပ်စွာလုပ်ဆောင်သွားမှာ ဖြစ်ပါသည်။

**အကယ်၍ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျောင်းမဖွင့်နိုင်ခဲ့လျှင် ဘာဖြစ်မလဲ? ကျောင်းပညာသင်နှစ်အစကို ရွှေ့ဆိုင်းထားပါမလား သို့မဟုတ် ဩဂုတ်လ ၁၉ ရက်နေ့တွင် distance learning (အဝေးသင်ပညာသင်ယူခြင်း) ကို စတင်ပါမလား?**

ယခုလက်ရှိတွင် ကျောင်းပညာသင်နှစ်အစကို ရွှေ့ဆိုင်းထားရန်အစီအစဉ်မရှိပါ။ အကယ်၍ at-school learning (ကျောင်း၌သင်ယူမှု) ကိုမစတင်နိုင်ပါက at-school option ကိုရွေးချယ်ထားသော ကျောင်းသား/သူများသည် distance learning (အဝေးသင်ပညာသင်ယူခြင်း) ဖြင့် ကျောင်းပညာသင်နှစ်ကို စတင်ရပါလိမ့်မည်။

**အကယ်၍ ကျောင်းသား/သူတစ်ဦးသည် ဖျားနာခြင်း သို့မဟုတ် COVID-19 ရှိသူတစ်ဦးနှင့် ထိတွေ့မှုရှိခြင်းကြောင့် semester တစ်ခုတွင် ကျောင်း ၁၀ ရက်ထက်ပို၍ ပျက်ကွက်ခဲ့ပါက အတန်း credit ဆုံးရှုံးပါမလား?**

မဆုံးရှုံးပါ။ ကျောင်းဘုတ်အဖွဲ့မူဝါဒနှင့် ပြည်နယ်လမ်းညွှန်ချက်များက ပြင်းထန်သောဖျားနာမှုအပေါ်အခြေခံ၍ ကျောင်းကြာရှည်ပျက်ကွက်မှုများကို ခြွင်းချက်အနေဖြင့် ခွင့်ပြုထားပါသည်။ COVID-19 ကြောင့်ဖျားနာနေသော သို့မဟုတ် quarantine ရန်လိုအပ်သော ကျောင်းသား/သူများကို  အရေးယူခြင်းပြုမည်မဟုတ်ပါ။

**အကယ်၍ ကျောင်းပိတ်ခဲ့ပါက ကျောင်းသား/သူများအတွက် အစားအသောက်ထားရှိပေးပါမည်လား?**

Child nutrition services မှ ဗဟိုအစိုးရ၏ လမ်းညွှန်ချက်အတိုင်းလုပ်ဆောင်သွားပါမည်။ အစားအသောက်စီစဉ်ပေးခြင်းကို ဆက်လက်ခွင့်ပြုနေသ၍ ကျောင်းသား/သူများအတွက် distance learning (အဝေးသင်ပညာသင်ယူခြင်း) ကာလအတွင်း အစားအသောက်များလာရောက်ယူနိုင်ရန် ထားရှိပေးမှာ ဖြစ်ပါသည်။

**ကျောင်းကားစီးသော ကျောင်းသား/သူများအတွက် အပိုမျက်နှာဖုံးများထားရှိပေးပါမလား?**

ကျောင်းသား/သူများသည် ကိုယ်ပိုင်မျက်နှာဖုံးများကို ကျောင်းကားသို့  နေ့စဉ်ယူဆောင်လာရပါမည်။ မျက်နှာဖုံးများကို ကျောပိုးအိတ် သို့မဟုတ် အဝတ်အစားကဲ့သို့သဘောထားရပါမည် - မျက်နှာဖုံးမပါဘဲ အိမ်ပြင်မထွက်ပါနဲ့။ မျက်နှာဖုံးယူဆောင်လာရန် မေ့လျော့လာသောသူများအတွက် ကျောင်းကားပေါ်တွင် မျက်နှာဖုံးများကို အကန့်အသတ်အရေအတွက်ဖြင့်သာ ရရှိနိုင်မည်ဖြစ်ပါသည်။

**ကျောင်းဆောင်များတွင် ဧည့်သည်များဝင်ရောက်ရန် ခွင့်ပြုပါမလား?**

မိဘ/အုပ်ထိန်းသူများအပါအဝင် ဧည့်သည်များကို ကျောင်းရုံးခန်းကျော်၍ ဝင်ခွင့်ပြုမည်မဟုတ်ပါ။